# LESSONS FOR THE SISTERS

## Lesson 1

## ဧဒင်ဥယျာဉ်ရှိသော မိန်းမများ၏ စံနမူနာများနှင့် ပုံသက်သေများ(၁) – ဧဝ

ဖတ်ရန်ကျမ်း ။ ။က၊ ၂း ၂၁– ၂၂။ ၃း၁–၆။ ၁ကော၊၁၁း၃၊ ၈–၉။ ၁တိ၊ ၂း၁၄။ ၁ပေ၊၃း၇။

I. **ဘုရားသခင်၏ ဖန်ဆင်းခြင်းအစီအစဉ်အောက်၌ ဧဝသည် လွတ်လပ်စွာနေရသောပုဂ္ဂိုလ်မဟုတ်ဘဲ၊ သူမသည် ခင်ပွန်း၏အောက်၌ နာခံသောသူ၊ ခင်ပွန်း၏ အစိတ်အပိုင်းဖြစ်သည်(က၊ ၂း ၂၁– ၂၂)။ ၁ကော၊၁၁း၈–၉ တွင် "ယောက်ျားသည် မိန်းမကြောင့် ဖြစ်သည်မဟုတ်။ မိန်းမသည် ယောက်ျားကြောင့် ဖြစ်၏ ။ ယောက်ျားကို မိန်းမအဖို့ ဖန်ဆင်းသည်မဟုတ်။ မိန်းမကို ယောက်ျားအဖို့ ဖန်ဆင်း၏ " ဟု ပြောဆိုထားသည်။**

II. **စကြဝဠာတွင် ဘုရားသခင်၏ အုပ်စိုးစီမံခန့်ခွဲခြင်း၌ရှိသော အစီအစဉ်အရ ယောက်ျားသည် မိန်းမ၏ဦးခေါင်းဖြစ်သည်(၁ကော၊၁၁း၃)။ သို့ဖြစ်၍ မိန်းမဖြစ်သော ဧဝသည် သူမ၏ခင်ပွန်းကို သူမ၏ ဦးခေါင်းအဖြစ်ယူဆောင်ရမည်၊ မိမိကိုယ်ကိုယ် ဦးခေါင်းအဖြစ် မပြုမူရပေ သို့မဟုတ် မိမိအားဖြင့် ဆုံးဖြတ်ချက်များ မချရပေ။ မိမိ၏ခင်ပွန်းကို လုံးလုံးဝန်ခံရမည်ဖြစ်သည်။**

III. **မည်သို့ပင်ဆိုစေ၊ စဉ်းလဲသောရှေးမြွေဟောင်း၊ မာရ်နတ်၊ ပုန်ကန်သောစာတန်သည် ဤအချက်နှင့်စပ်လျဉ်း၍ ဧဝကိုစုံစမ်းသွေးဆောင်ကာ လှည့်ဖြားခဲ့သည်(၁တိ၊ ၂း၁၄)။ စာတန်သည် သူမအား ဦးခေါင်းအရာကို ယူဆောင်စေခဲ့၍၊ သူမသည် ခင်ပွန်းကို ဘေးဖယ်ထားခဲ့သည်။ ဤသို့ဖြင့် သူမသည် ဆုံးဖြတ်ချက်များ ချရာ၌ မိမိကိုယ်ကိုယ်လွတ်လပ်သောယူနစ်အဖြစ် ပြုမူလုပ်ဆောင်ခဲ့သည်။**

A. လူ၏ကျဆင်းခြင်းကို အတွင်းပိုင်းမှ ဖြစ်ပေါ်စေသောအကြောင်းရင်းမှာ မိန်းမသည် ဦးခေါင်းအရာကို ယူဆောင်ခဲ့သောကြောင့် ဖြစ်သည် – က၊၃း ၂–၃၊ ၆။

B. ဧဝသည် မြွေအားဖြင့် ကျော့မိခြင်းခံရသည်။ အကြောင်းမှာ သူမသည် သူမ၏ခင်ပွန်းကို မေ့သွားသောကြောင့် ဖြစ်သည်။

1. မာရ်နတ်သည် လိမ္မာပါးနပ်လှသည်။ သူက မိန်းမသည် ယော်ကျားထက်အားနည်းကြောင်း သိသောကြောင့်(၁ပေ၊၃း၇) သူမကို ရွေးချယ်ကာ ပစ်မှတ်ထားခဲ့သည်။
2. မိန်းမက မြွေအား မည်သို့ပင်ပြောဆိုပါစေ၊ သူမသည် ထိုနေရာ၌ ရပ်ကာ မြွေအား စကားလက်ခံပြောဆိုနေသရွေ့၊ သူမသည် မှားနေပြီဖြစ်သည်။ ယင်းမှာ သူမသည် ဦးခေါင်းအရာကို ယူဆောင်နေကြောင်းကို ဖော်ပြသည်။
3. သူမအတွက် အလုံခြုံဆုံးမှာ ဆိုးညစ်သူနှဲ့ စကားပြောဆိုခြင်းမရှိဘဲ၊ ခင်ပွန်းထံသို့ လှည့်ပြန်လာကာ ခင်ပွန်း၏နောက်၌ ပုန်းကွယ်နေခြင်းဖြစ်သည်။ ဧဝသည် ဤသို့ပြုခဲ့သော် လိမ္မာပါးနပ်သူမှာ တားဆီးခြင်းခံရမည်ဖြစ်သည်။
4. ထို့ကြောင့် လူကျဆင်းခြင်း၏ အခြေခံအဆင့်မှာ ဇနီးသည်အားဖြင့် ဦးခေါင်းအရာကို ယူဆောင်ခဲ့သောကြောင့် ဖြစ်သည်။ သူမတွင် ခင်ပွန်းရှိသော်လည်း သူမသည် မိမိဖာသာရပ်တည်ခဲ့သည်။

C. မိန်းမ၏ ကျဆင်းခြင်းမှာ ယောက်ျားအပေါ်တွင်လည်း သက်ရောက်စေကာ ဦးခေါင်းအရာကို ဆက်လက်ယူဆောင်ခဲ့သည် – ၁တိ၊ ၂း၁၄။

1. ဧဝ၏ ဤကျဆင်းခြင်းအပိုင်းမှာ လူသည် ဦးခေါင်းအရာကို ယူဆောင်ခဲ့၍၊ သူ၏ဖြစ်ခြင်းသည် ဘုရားသခင်၏ အထက်တွင်ရှိကာ ဘုရားသခင်အား ဘေးဖယ်ထားခြင်းကို ပုံဆောင်သည်။
2. ဤတူညီသောအလေ့အလာသည် ယနေ့တွင်လည်း ဖြစ်ပျက်လျက်ရှိသည်။ ကျွန်ုပ်တို့သည် မိမိတို့အားဖြင့် လုပ်ဆောင်ကာ သခင်ဘုရားအား ဘေးဖယ်ထားသောအခါတိုင်း ကျွန်ုပ်တို့သည် ရှုံးနိမ့်ခံရပြီးဖြစ်သည်။ ကျွန်ုပ်တို့သည် အောင်မြင်ရန် မိမိတို့အားဖြင့် ကြိုးစားသောအခါတိုင်း ရလဒ်မှာ ရှုံးနိမ့်ခြင်းဖြစ်သည်။ အကြောင်းမှာ ကျွန်ုပ်တို့သည် ကျွန်ုပ်တို့၏ခင်ပွန်း၊ ကျွန်ုပ်တို့၏ဦးခေါင်းဖြစ်သောကိုယ်တော်နဲ့ ဝေးကွာသွားသောကြောင့်တည်း။

3. သင့်အားဖြင့် မည်သည့်အရာကိုမျှ မပြုမူပါနှင့်။ တစ်စုံတစ်ခုကို သင့်အားဖြင့် ပြုမူခြင်းမှာ သင်သည် ဦးခေါင်းအရာကို ယူဆောင်နေကာ သင်၏ဖြစ်ခြင်းမှာ ဇနီးဖြစ်ကြောင်း မေ့လျော့သွားခြင်းကို ဆိုလိုသည်။
4. ကျွန်ုပ်တို့သည် သတိပညာရှိရမည်ဖြစ်၍၊ ခင်ပွန်း၏ အနေအထားကို မည်သောအခါမျှ မယူဆောင်သင့်ပေ။

D. ဒေင်ဥယျာဉ်ရှိ ဧဝသည် ကျွန်ုပ်တို့ကို ကိုယ်စားပြုနေသည်။ ကျွန်ုပ်တို့အားလုံးနီးပါးသည် သူမ ပြုခဲ့သကဲ့သို့ သတိမမူမိဘဲ ပြုခဲ့မိကြပါသည်။ ကျွန်ုပ်တို့သည် ဧဝဖြစ်လာကြသည်။ အခြေအနေတစ်စုံတစ်ခုတွေ့ကြုံလာတိုင်း မိမိတို့အားဖြင့်သာ ရင်ဆိုင်ဖြေရှင်းတတ်ကြသည်။
1. မိခင်များသည် သူတို့၏ သားသမီးများကို ထိန်းကျောင်းဆက်ဆံသောအခါ မိမိအားဖြင့် မှီခိုကင်းလွတ်လပ်စွာ ဆက်ဆံကိုင်တွယ်တတ်ကြသည်။
2. သူတို့က "သားသမီးများကို မည်သို့ကိုင်တွယ်ဆက်ဆံရမည်ကို ငါသိသည်။ ငါသည် မိခင်တစ်ဦးဖြစ်တာ နှစ်ပေါင်းများစွာရှိပါပြီ။ မည်သည့်အရာလုပ်ဆောင်ရမည်၊ မည်သို့လုပ်ဆောင်ရမည်ကို ငါသိသည်"ဟု ပြောဆိုကြပေမည်။
3. သင်၌ ဤသို့သော စိတ်နေစိတ်ထားရှိပါက သင်သည် ချက်ချင်းပင် ဧဝဖြစ်သွားပြီဖြစ်သည်။ သင်သည် ကောင်းမွန်စွာပြုသော်လည်း အမှန်မှာ သင်သည် ရှုံးနိမ့်ခံရပြီးဖြစ်သည်။
4. ကျွန်ုပ်တို့သည် လူသား၏ ပထမဆုံးအကြိမ် ကျဆင်းခြင်းအလေ့အလာကို မှတ်မိနေရမည်ဖြစ်သည်။ လူသည် ဇနီးအနေအထားကို စွန့်ပစ်၍ ခင်ပွန်း၏ အနေအထားကို ယူဆောင်ကာ မိမိကိုယ်ကိုယ် ဦးခေါင်းနှင့် ခင်ပွန်းအဖြစ် ပြုမူခဲ့သည်။
5. ကျွန်ုပ်တို့၏ ကြိုးစားအားထုတ်မှု အောင်မြင်သည်ဖြစ်စေ၊ ရှုံးနိမ့်သည်ဖြစ်စေ ခြားနားမှုအလျဉ်းမရှိပေ။ ကျွန်ုပ်တို့သည် ဘုရားသခင်နှင့် ဝေးကွာနေပြီး ဘုရားသခင်မပါဘဲ လုပ်ဆောင်နိုင်သည်ဟု ထင်မှတ်နေသရွေ့ ကျွန်ုပ်တို့သည် ရှုံးနိမ့်နေပြီဖြစ်သည်။ ဤအရာကို ကျွန်ုပ်တို့ မြင်ဖို့ လိုသည်။

E. ကျွန်ုပ်တို့၏ ဒေါသကို ဆက်ဆံဖြေရှင်းရာတွင်ပင် ဤအရာကို ကျွန်ုပ်တို့တွေ့ကြုံခံစားရပေမည်။
1. သင်သည် ဒေါသကို ထိန်းချုပ်ခြင်းမှာ သင်သည် ဦးခေါင်းအရာကို ယူဆောင်နေခြင်းကို ဆိုလိုသည်။
2. သင်သည် "သခင်၊ ကျွန်ုပ်သည် ကျွန်ုပ်၏ ဒေါသကို ထိန်းချုပ်နိုင်ခြင်း၊ မထိန်းချုပ်နိုင်ခြင်းကို မပြုဝံ့ပါ။ သခင်၊ ဤအရာအတွက် ကိုယ်တော့်ကို ကိုးစားပါသည်။ ကျွန်ုပ်၏ ဒေါသကို ဆက်ဆံဖြေရှင်းရန်မှာ ကျွန်ုပ်၏တာဝန်မဟုတ်ပါ။ သခင်၊ ကျွန်ုပ်သည် ခင်ပွန်းမဟုတ်ပါ။ ကိုယ်တော်သည် ကျွန်ုပ်၏ ခင်ပွန်းဖြစ်ပါ၏။ ကိုယ်တော့်အပေါ် တွင်သာ ကျွန်ုပ်ရိုးရိုးလေးမှီခိုပါ၏။ ကျွန်ုပ်၌ ဦးခေါင်းအရာမရှိပါ။ သခင်၊ ကိုယ်တော်သည် ကျွန်ုပ်၏ဦးခေါင်းဖြစ်ပါ၏။ သခင်၊ ကျွန်ုပ်၏ဒေါသကို ကိုယ်တော်ဂရုစိုက်တာဝန်ယူတော်မူပါ" ဟုပြောဆိုရန် သင်ယူရမည်ဖြစ်သည်။
3. ကျွန်ုပ်တို့အားလုံးသည် ဤသင်ခန်းစာကို သင်ယူကာ သခင်ဘုရားရှေ့တော်၌ ဤသို့ရပ်တည်ခြင်း တည်မြဲနေပါက ကျွန်ုပ်တို့၏ ဒေါသသည် ပျောက်ကွယ်သွားမည်ဖြစ်သည်။ မာရ်နတ်သည် ချေမှုန်းခြင်းခံရမည်ဖြစ်သည်။ ကျွန်ုပ်တို့သည် ဤအခြေခံအလေ့အလာကို သင်ယူကြရမည်ဖြစ်သည်။

**IV. ကျွန်ုပ်တို့သည် က၊၃း၁–၆ ရှိ ကျဆင်းသွားခြင်း အဆင့်(၃)ဆင့်ကို မြင်ဖို့ လိုအပ်ပါသည်။**

A. ဝိညာဉ်ကို အသုံးမပြုခြင်း – အကယ်၍ ဧဝသာ ဝိညာဉ်ထံ လှည့်ပြန်ခဲ့ပါက ပြဿနာရှိမည် မဟုတ်ပေ။
1. ကျွန်ုပ်တို့၏ခင်ပွန်းသည် ကျွန်ုပ်တို့၏ ဝိညာဉ်နှင့်အတူ ရှိနေသည်(cf. ၂ကော၊၁၁း၂။ ၂တိ၊၄း၂၂)။ သို့ရာတွင် ကျွန်ုပ်တို့သည် အသိဉာဏ်၌သာ တည်နေမည်ဆိုပါက ကျွန်ုပ်တို့သည် ဦးခေါင်းအရာကို ယူဆောင်ခြင်း၊ ကျွန်ုပ်တို့၏ အသိဉာဏ်ကို မှီခိုကင်းလွတ်လပ်စွာ ထားရှိနေခြင်းဖြစ်သည်။
2. ကျွန်ုပ်တို့၏ခင်ပွန်းသည် ကျွန်ုပ်တို့၏ ဝိညာဉ်နှင့်အတူ ရှိနေကြောင်းကို သိရှိနားလည်နေရမည်ဖြစ်၍၊ ကျွန်ုပ်တို့၏ ဝိညာဉ်ကို လေ့ကျင့်နေရမည်ဖြစ်သည်။
3. သင်၏ဒေါသ သည် သင့်အတွင်း၌ လှုံ့ဆော်ခံရသောအခါ သင်သည် ဝိညာဉ်ထံ လှည့်ပြန်ရမည်ဖြစ်သည်။ သင်၏ဒေါသနဲ့ မဆက်ဆံပါနှင့်၊ မိမိကိုယ်ကိုယ် ဝိညာဉ်ထံ လှည့်ပြန်ပါ။ သင်၏ဝိညာဉ်ကို အသုံးပြုရန် သင်ယူပါ။

B. စိတ်သည် လေ့ကျင့်နေခြင်း – ကျဆင်းနေသောဖြစ်စဉ်၌ ဧဝသည် သူမ၏စိတ်ကို လေ့ကျင့်နေခဲ့သည်။

1. ဧဝသည် မြွေနှင့်စကားပြောနေစဉ် သူမ၏ အသိဉာဏ်သည် တွေးဆခြင်းပြုနေခဲ့သည်–က၊၃း၂–၃။
2. ထို့နောက် သူမ၏ ခံစားမှုမှာ သိကျွမ်းခြင်းအပင်ကို နှစ်သက်လာခဲ့သည် – အငယ်၊၆။
3. နောက်ဆုံးတွင် သူမ၏ အလိုဆန္ဒမှာ ဆုံးဖြတ်ခြင်းပြုကာ ထိုအပင်၏ အသီးကို ယူစားရန် ဆုံးဖြတ်ခဲ့သည် – အငယ်၊၆။
4. ကျွန်ုပ်တို့၏ အတွေ့အကြုံသည် ထိုနည်းတူဖြစ်သည်။ ကျွန်ုပ်တို့သည် သက်ဆိုင်ရာ အကြောင်းအရာအားဖြင့် လှည့်ဖြားခြင်းခံရသောအခါ၊ ကျွန်ုပ်တို့၏ အသိဉာဏ်သည် တွေးဆခြင်းများ၊ စဉ်းစားခြင်းများပြု၍၊ ကျွန်ုပ်တို့၏ ခံစားမှုသည် ထွက်ပေါ်လာကာ ထိုအရာကို နှစ်သက်လာပြီး၊ ကျွန်ုပ်တို့၏ အလိုဆန္ဒသည် ဆုံးဖြတ်ချက်ချလေတော့သည်။
5. ဈေးဝယ်ခြင်းကို ဥပမာအဖြစ် ယူကြည့်ကြပါစို့။ သင်သည် ဈေးဝယ်နေရင်း သင်နှစ်သက်သောအရာကို မြင်သောအခါ၊ သင်က "ဤအရာ ငါလိုအပ်တယ်၊ ယခုဆိုင်မှာ တင်နေပြီ၊ ဈေးနှုန်းလည်း အတော်လည်း ချိုတယ်၊ ယခုဈေးနှုန်းဖြင့် ဝယ်ဖို့ရန် ငါ့အတွက် အခွင့်အရေးပဲ" ဟု မိမိကိုယ်ကိုယ် စဉ်းစားပေမည်။ ထိုအရာကို စဉ်းစားတွေးတောလေလေ၊ ထိုအရာသည် တန်ဖိုးရှိလာလေလေဖြစ်သည်။ ဤသို့သော အတွေ့အကြုံမျိုး ကျွန်ုပ်တို့အားလုံး၌ ရှိကြပါသည်။
6. ကျွန်ုပ်တို့သည် ဧဝကို ဟားတိုက်ရည်မောခြင်း မပြုသင့်ပေ။ ကျွန်ုပ်တို့၏ အိမ်သည် ဒေင်ဥယျာဉ်ဖြစ်ကာ ကျွန်ုပ်တို့ကိုယ်တိုင်သည် သက်ဆိုင်ရာအချိန်၌ ဧဝဖြစ်နေကြသည်။
7. ကျွန်ုပ်တို့၏ အသိဉာဏ်၊ ခံစားမှုနှင့် အလိုဆန္ဒမှာ ကျွန်ုပ်တို့စိတ်၏ အစိတ်အပိုင်းများဖြစ်ကြသည်။ သင်၏ အသိဉာဏ်၊ ခံစားမှုနှင့် အလိုဆန္ဒကို မကိုးစားပါနှင့်။ သင်၏ဖြစ်ခြင်းတစ်ခုလုံး ဝိညာဉ်ထံ လှည့်ပြန်လာပါ။

C. ကိုယ်ခန္ဓာ၏ တုံ့ပြန်ခြင်း – ကျဆင်းခြင်းဖြစ်စဉ်၏ တတိယအဆင့်မှာ ကိုယ်ခန္ဓာ၏ လှုပ်ရှားလုပ်ဆောင်ခြင်းဖြစ်သည်။

1. ဝိညာဉ်သည် လျစ်လျူပြုခြင်းခံရ၍၊ စိတ်သည် လေ့ကျင့်လုပ်ဆောင်သောအခါ၊ ကိုယ်ခန္ဓာသည် ကျွန်ုပ်တို့၏ အကြံအစည်ကို အစေခံသောကျွန်ဖြစ်လာသည်။ မျက်စိသည် မြင်၍၊ လက်သည် ယူကာ ပါးစပ်သည် စားသုံးသည်။
2. ဈေးဝယ်ခြင်း၌ ကျွန်ုပ်တို့သည် မိမိတို့၏ ဝိညာဉ်ကို မေ့ပစ်ထားကာ၊ မိမိတို့၏ စိတ်ကိုသာ အသုံးပြုပါက ကျွန်ုပ်တို့၏ ကိုယ်ခန္ဓာသည် ကျွန်ုပ်တို့ကို ကုန်တိုက်သို့ ခေါ်ဆောင်သွားမည်ဖြစ်သည်။

V. **ဘုရားသခင်သည် ကျွန်ုပ်တို့၏ ခင်ပွန်းဖြစ်သည်။ ဦးခေါင်းအရာသည် ဘုရားနှင့်အတူ ရှိ၍၊ ကျွန်ုပ်တို့နှင့်အတူ မရှိပါ၊ ယောက်ျား၌ပင် မရှိပါ။ ကျွန်ုပ်တို့သည် ယောက်ျားများဖြစ်စေ၊ မိန်းမများဖြစ်စေ၊ ကျွန်ုပ်တို့အားလုံးသည် ကိုယ်တော့်ဇနီး၏ အစိတ်အပိုင်းတစ်ခုစီ ဖြစ်ကြပါသည်။ ကျွန်ုပ်တို့အားလုံးသည် ကိုယ်တော်၏ဖုံးအုပ်မှုအောက်၌ အမြဲရှိနေကြရမည်ဖြစ်သည်။ ဘုရားသခင်သည် ကျွန်ုပ်တို့၏ ဦးခေါင်းတော်ဖြစ်သောကြောင့် ကျွန်ုပ်တို့သည် ကိုယ်တော့်ထံ အမြဲတမ်းလှည့်ပြန်ကြရမည်ဖြစ်သည်။**

LESSONS FOR THE SISTERS

## Lesson 2

## မမှုဟောင်း၌ရှိသော မိန်းမတို့၏စံနမူနာနှင့် ပုံသက်သေများ

## (၂)

## စာရာနှင့် ရေဗက္ကာ

ဖတ်ရန်ကျမ်း။ ။ကာ၊၁၆း၁–၃။ ၁၈း၉–၁၂။ ၁ပေ၊၃း၁–၆။ ဧ၊၅း၂၂–၂၄။ ကာ၊၂၄း၁–၆၇။ ၂၇း၁–၂၈း၂

**I. အာဗြဟံ၏ဇနီး စာရာသည် သူတို့၏ခင်ပွန်းများအား သခင်ဘုရားကို ဝန်ခံသကဲ့သို့ ဝန်ခံသောဇနီးများ၏ ကောင်းမွန်သောပုံသက်သေဖြစ်သည် (ဧ၊၅း၂၂)။ ၁ပေ၊၃း၆အရ "စာရာသည် အာဗြဟံကို သခင်ဟုခေါ်ဝေါ်၍ သူ၏စကားကို နာခံခဲ့သည်"–ညွှန်း၊ကာ၊၁၈း၁၂။**

က။ ယနေ့ အသင်းတော်အသက်တာ၌ ဘုရားသခင်သည် သူ၏ဖန်ဆင်းခြင်း၌ စီမံတော်မူခဲ့သည့် အစီအစဉ်ကို ဆက်လက် စောင့်ထိန်းထားသည်။ ဘုရားသခင်က ဇနီးများသည် မိမိတို့၏ခင်ပွန်းများထံ ကိုယ့်ကိုယ်ကို ဝန်ခံရမည်ဟု စီမံထားခဲ့သည်–၁ပေ၊၃း၁။

ခ။ ညီအစ်မများသည် ယနေ့၏စာရာများဖြစ်ရန် လိုအပ်သည်။ သို့သော်လည်း များစွာသောခင်ပွန်းတို့သည် အငယ်၊၆ တွင် ပေတရု ပြောဆိုထားသည့်အရာနှင့် စပ်လျဉ်းပြီး မသက်မသာ ခံစားရနိုင်သည်။ သူတို့က သူတို့၏ဇနီးများအားဖြင့် ထိုသို့ခေါ် ဆိုခံရရန် မထိုက်တန်ပါဟု စဉ်းစားကြမည်ဖြစ်သည်။ အကြောင်းမှာ ယနေ့၏ အခြေအနေသည် သမ္မာကျမ်းစာအတိုင်း လုံးလုံးမဖြစ်သောကြောင့်ပင် ဖြစ်သည်။

ဂ။ ဘုရားသခင်သည် ခင်ပွန်းကို ခရစ်တော်၏ကိုယ်စားပြုအခွင့်အာဏာအဖြစ် မြဲမြံစေပြီး၊ ဇနီးကို အသင်းတော်၏ ကိုယ်စားပြုအဖြစ် မြဲမြံစေသည်– ညွှန်း ဧ၊၅း၂၂–၂၄။

၁။ အငယ်၊၂၂ ၌ရှိသော ပေါလု၏စကားအရ ဇနီးများသည် "သခင်ဘုရားကို ဝန်ခံမှုရှိသကဲ့သို့" သူတို့၏ခင်ပွန်းများကို ဝန်ခံရမည်ဖြစ်သည်။

၂။ ဇနီးသည်တို့က သခင်ဘုရား၏ အမြင်၌ ခင်ပွန်း သည် သခင်ဘုရားကို ကိုယ်စားပြုကြောင်း သိနားလည်ရန်လိုအပ်သည်။

၃။ ဇနီး သည် သူမ၏ခင်ပွန်းကို ဝန်ခံရသည့်အကြောင်းရင်းမှာ အိမ်ထောင်အသက်တာ၌ သူသည် သခင်ဘုရားအနေဖြင့် ရှိသောကြောင့် ဖြစ်သည်။ အိမ်ထောင်ကျပြီးသောညီအစ်မများစွာတို့သည် သူတို့၏ခင်ပွန်းများကို သခင်ဘုရားအဖြစ် မှတ်ယူကြသလား ဆိုသည်မှာ မသေချာပါ။

၄။ ယနေ့ အိမ်ထောင်အသက်တာနှင့် စပ်လျဉ်းသည့် အခြေအနေသည် မနှစ်မြို့ဖွယ်ဖြစ်ပြီး၊ မနာခံခြင်း၊ ပုန်ကန်ခြင်းနှင့် ပြည့်ဝနေသည်။ မည်သို့ပင်ဆိုစေ ခရစ်တော်သည် အသင်းတော်၏ဦးခေါင်းတော်နှင့် ကိုယ်ခန္ဓာတော်၏ကယ်တင်ရှင် ဖြစ်သောကြောင့်၊ ဇနီးများသည် သခင်ဘုရားကို ဝန်ခံမှုရှိသကဲ့သို့ သူတို့၏ခင်ပွန်းများကို ဝန်ခံကြရမည်ဖြစ်သည်။

၅။ စာရာသည် အပြုသဘောဆောင်သော၊ ဝိညာဉ်ရေးရာ စံနမူနာဖြစ်လာခဲ့သည်။ ထို့ကြောင့် ဘုရားသခင်၌ မျှော်လင့်၍၊ သူတို့ခင်ပွန်းများထံသို့ ကိုယ့်ကိုယ်ကို ဝန်ခံမှုရှိသော သန့်ရှင်းသောမိန်းမတို့သည် သူမ၏ သမီးများ ဖြစ်ကြသည်–၁ပေ၊၃း၅–၆။

ဃ။ ဇနီး သည် ဘုရားသခင် ချမှတ်တည်ဆောက်ထားသည့် အခွင့်အာဏာ၊ ခင်ပွန်းအားဖြင့် ကိုယ်စားပြုသည့် အခွင့်အာဏာကို မမြင်ပါက၊ သူမအတွက် ဝန်ခံရန် ခက်ခဲမည်ဖြစ်သည်။ ယင်းမှာ သူမ ခင်ပွန်း၏ အကြောင်းအရာ မဟုတ်ဘဲ၊ ဘုရားသခင့် အခွင့်အာဏာ၏ အကြောင်းအရာဖြစ်ကြောင်း ဇနီးသည်က မြင်တွေ့ရမည်ဖြစ်သည်–တိ၊၂း၅။ ၁ပေ၊၃း၁၊၅–၆။

**II. စာရာသည် သူမ၏ခင်ပွန်းအား ဟာဂရကို မယားငယ်အဖြစ် ယူရန် အကြံပြုခြင်းအကြောင်းအရာ၌ အနုတ်လက္ခဏာဆောင်သော ပုံစံဖြစ်သည်–ကာ၊၁၆း၁–၃။**

က။ ဘုရားသခင်က အာဗြဟံအား သူသည် မျိုးစေ့ကို ရလိမ့်မည်ဖြစ်ကြောင်းနှင့် သူကိုယ်တိုင်ထံမှ သားကို ရလိမ့်မည်ဖြစ်ကြောင်း အကြိမ်ကြိမ် ကတိပေးခဲ့သည် (က၊၁၂း၇။ ၁၃း၁၅။ ၁၅း၄–၅)၊ သို့သော် စာရာသည် ကလေးမွေးဖွားနိုင်ခြင်း မရှိခဲ့ပေ။

ခ။ ဤအကြောင်းကြောင့် သူမသည် အာဗြဟံအား သူမ၏ ကျွန်မ ဟာဂရထံသွားရန်၊ သူမအားဖြင့် သားကို ရယူရန် (က၊၁၆း၂) အကြံပြုခဲ့ခြင်းဖြစ်သည် (က၊၁၆း၂)။ ဤသည်မှာ လုံးလုံး အသွေးအသား၏ အကြံပြုချက်ဖြစ်သည်။

ဂ။ နောက်ဆုံးတွင် အာဗြဟံသည် စာရာ၏ အကြံပြုချက်ကို လက်ခံခဲ့ပြီး၊ ဟာဂရကို သူ၏မယားငယ်အဖြစ် ယူခဲ့က၊ သူမမှတစ်ဆင့် ဣရှမေလကို မွေးဖွားခဲ့သည် (က၊၁၆း၁၅)။ ဤသည်မှာ ဘုရားသခင်၌ မျှော်လင့်သောမိန်းမအားလုံးအဖို့ သတိပေးချက်ဖြစ်သည်။ အတိအကျပြောရသော် သူတို့သည် သူတို့ခင်ပွန်းများထံသို့ အသွေးအသားအတိုင်း မည်သည့်အကြံပြုချက်ကိုမျှ မပေးသင့်ပေ။

ဃ။ ထိုသို့မဟုတ်ပါက သူတို့သည် ဘုရားသခင်၏ကတိတော်ဖြင့် မွေးဖွားသော "ဣဇာက်များ"ကို ဆန့်ကျင်လျက် တပ်မက်သော သူတို့၏ အသွေးအသားမှ "ဣရှမေလ"များကို ထွက်ပေါ်စေကြလိမ့်မည်ဖြစ်သည်။ ဤသည်မှာ အသွေးအသားအတိုင်း မျိုးကြဲပြီး၊ အသွေးအသား၏ ပုပ်ပျက်ခြင်းကို ရိတ်သိမ်းရခြင်း ဖြစ်သည်၊ အကြောင်းမှာ လူသည် မျိုးစေ့ ကြဲသည့်အတိုင်း ရိတ်သိမ်းရမည်ဖြစ်သည်– ဂလ၊၆း၈၊၇။

**III. ဟေဗြဲ၊၁၁း၁၁ ၌ "သူ၏ဇနီးစာရာသည်လည်း အရွယ်လွန်သောအခါ၊ မျိုးစေ့ကို ပဋိသန္ဓေယူနိုင်သော အခွင့်တန်ခိုးအား ယုံကြည်ခြင်းအားဖြင့် ခံရလေ၏။ အကြောင်းမူကား ကတိထားတော်မူသောသူသည် သစ္စာရှိသည်ဟု စိတ်စွဲလန်းခြင်းရှိ၏"ဟု ပြောဆိုထားသည်။ စာရာသည် ကလေးမွေးဖွားနိုင်ခြင်းမရှိတော့သည့် အသက်အရွယ်ကြီးသော မိန်းမတစ်ဦး ဖြစ်လာခဲ့သော်လည်း၊ သူမ၏ အခြေအနေအလယ်တွင် ဘုရားသခင်၏စကားတော်၌ ယုံကြည်ခဲ့သည်။**

**IV. ဣဇာက်၏လက်ထပ်ထိမ်းမြားခြင်းမှတ်တမ်းက ရေဗက္ကသည် ဖြူစင်ခြင်း၊ ကြင်နာခြင်း၊ လို့လဝီရိယရှိခြင်း၊ လုံးလုံးအကြွင်းမဲ့ဖြစ်ခြင်းနှင့် ဝန်ခံခြင်းရှိသောသူဖြစ်ကြောင်း ဖွင့်ပြထားသည်–၂၄း၁–၆၇။**

က။ အငယ်၊၁၆ ၌ ရေဗက္ကသည် "အလွန်အဆင်းလှ၍၊ ယောကျ်ားနှင့် မဆက်ဆံသေးသောကညာဖြစ်၏"ဟူ၍ ကျွန်ုပ်တို့အား ပြောပြထားသည်။ ရေဗက္ကသည် ရိုးရှင်း၊ ဖြူစင်ပြီး၊ ကြင်နာခြင်းနှင့် လို့လဝီရိယရှိသောသူလည်းဖြစ်သည်–အငယ်၊၁၈–၂၀။

၁။ အာဗြဟံ၏ကျွန်သည် သောက်စရာတောင်းသောအခါ၊ သူမသည် ချက်ချင်းပေးခဲ့ရုံမက၊ သူ၏ ကုလားအုတ်တို့အတွက်လည်း ရေခပ်ပေးခဲ့သည်။

၂။ ငယ်ရွယ်သောညီအစ်မများသည် အထူးသဖြင့် သူတို့၏ လက်ထပ်ထိမ်းမြားခြင်းနှင့်စပ်လျဉ်း၍၊ ဘုရားသခင်၏ အုပ်စိုးခြင်းအခွင့်အာဏာအောက်တွင် ရှိလိုသည်ဆိုပါက၊ သူတို့သည် ကြင်နာတတ်သောသူနှင့် လို့လဝီရိယရှိသောသူဖြစ်ရန် လိုအပ်သည်။ ငယ်ရွယ်သောမိန်းမတို့တွင် ကြင်နာတတ်ခြင်းမရှိသောသူနှင့် ပျင်းရိသောသူတို့သည် တစ်ဦးတည်းသာ နေထိုင်သင့်ပါသည်။

၃။ လူတို့သည် သင့်အား တစ်စုံတစ်ခုကို လုပ်ခိုင်းပါက၊ သင်သည် သူတို့အတွက် အရာနှစ်ခုကို ပြုလုပ်ပေးရမည်ဖြစ်သည်။ ထို့ပြင် ဒုတိယပြုလုပ်ပေးသောအရာသည် ပထမတစ်ခုထက် သာလွန်ကောင်းမွန်သင့်ပါသည်။ သင်သည် လူတစ်ဦးအား သူသောက်ရန်ရေကို ပေးသည်သာမက၊ သူ၏ ကုလားအုတ်ဆယ်ကောင်အတွက်လည်း ရေခပ်ပေးရမည်ဖြစ်သည်–အငယ်၊၁၈–၂၀။

၄။ ဤအရာကို ပြုလုပ်မည်ဆိုပါက၊ သင်၏ ဣဇာက်တည်းဟူသော သင်၏ ခင်ပွန်းကို ရရှိရန် အရည်အချင်းပြည့်မီလာမည်ဖြစ်သည်။ ဤသည်မှာ အိမ်ထောင်မပြုသေးသည့် ငယ်ရွယ်သောညီအစ်မများအားလုံးအတွက် အကြံဉာဏ်အချို့ဖြစ်သည်။

ခ။ ရေဗက္ကသည် လုံးလုံးအကြွင်းမဲ့ဖြစ်သည်(အငယ်၊၅၇–၅၈၊၆၁)။ ရေဗက္ကသည် ဣဇာက်ကို ဘယ်သောအခါကမျှ မြင်ဖူးခြင်းမရှိသော်လည်း၊ သူမသည် နှောင့်နှေးခြင်းမရှိဘဲ ဣဇာက်ထံသို့ သွားရန် အလိုဆန္ဒရှိခဲ့သည်။

၁။ မောင်နှင့် အမိသည် တုံ့ဆိုင်းခြင်းရှိ၍၊ သူမအား သူတို့ထံမှာ အနည်းဆုံးဆယ်ရက်ခန့်နေစေရန် အလိုရှိကြသော်လည်း၊ သူမက "ကျွန်မ လိုက်ပါမည်"ဟုဆိုခဲ့သည်။ သူမသည် လုံးလုံး အကြွင်းမဲ့ ဖြစ်သည်။

၂။ ငယ်ရွယ်သောညီအစ်မတို့၊ သင်တို့သည် လက်ထပ်ထိမ်းမြားလိုသည်ဆိုပါက၊ ကြင်နာခြင်း၊ လို့လဝီရိယရှိခြင်းနှင့် လုံးလုံးအကြွင်းမဲ့ဖြစ်ခြင်း ရှိရန် သင်ယူကြရမည်ဖြစ်သည်။

ဂ။ ရေဗက္ကသည် ဝန်ခံခြင်းရှိသောသူလည်းဖြစ်သည်–အငယ်၊၆၄–၆၅။

၁။ ရေဗက္ကသည် ဣဇာက်ကို မြင်၍၊ သူမည်သူဖြစ်ကြောင်း သိနားလည်သောအခါ၊ "သူမသည် မျက်နှာဖုံးကို ယူ၍ဖုံးလေ၏။"

၂။ ညီအစ်မများ၊ သင်တို့သည် အဝတ်အပိုင်းအစတစ်ခုကို သင်တို့၏ခေါင်းပေါ် တွင် အလှအပ သို့မဟုတ် အဆင်တန်ဆာတစ်ခုအနေဖြင့် မဖုံးအုပ်ပါနှင့်။ ၎င်းသည် သင်၏ဝန်ခံခြင်းအမှတ်လက္ခဏာသာ ဖြစ်ရမည်။

၃။ သင်သည် အိမ်ထောင်ပြုပြီးသည်နှင့်တစ်ပြိုင်နက်၊ သင်ကိုယ်တိုင်သည် သင်၏ဦးခေါင်းမဟုတ်တော့ပေ။ သင်၏ခင်ပွန်းသည် သင်၏ဦးခေါင်းဖြစ်၍၊ သင်၏ဦးခေါင်းသည် ဖုံးအုပ်ထားရမည်ဖြစ်သည်။ ဤသည်မှာ လက်ထပ်ထိမ်းမြားခြင်း၏မှန်ကန်သောအဓိပ္ပာယ်ဖြစ်သည်။

**V. ရေဗက္ကသည် ယာကုပ်ဆီသို့ သူမ၏ဘက်လိုက်သော ချစ်ခြင်းမေတ္တာ၌၊ ကောင်းချီးမင်္ဂလာကို ရရှိနိုင်ရန် သူ၏ဖခင်ကို လှည့်စားဖို့ သူ့အား သွန်သင်ခြင်း၌၊ သူမ၏ခင်ပွန်းအား ယာကုပ်ကို သူမ၏နေရင်းပြည်သို့ စေလွှတ်ရန် တောင်းဆိုခြင်းဖြင့် ဣဇာက်ကို ကျွမ်းကျင်စွာကိုင်တွယ်ရန် အကြောင်းပြချက် ရှာဖွေခြင်း၌ အနုတ်လက္ခဏာဆောင်သော ပုံစံ ဖြစ်သည်–က၊ ၂၅း၂၇–၂၈။ ၂၇း၁–၁၇၊၄၁–၄၅။ ၂၇း၄၆–၂၈း၂။**

က။ ရေဗက္ကသည် အမြွှာမွေးဖွားခဲ့ပြီး– အကြီးဖြစ်သူ ဧသောသည် ကျွမ်းကျင်သောတောသားမုဆိုးဖြစ်ကာ၊ အငယ် ယာကုပ်သည် တဲ၌ နေတတ်၍ တိတ်ဆိတ်သောသူဖြစ်သည်–က၊ ၂၅း၂၇။

ခ။ ရေဗက္က၏ချစ်ခြင်းမေတ္တာသည် ယာကုပ်ဆီသို့ ဘက်လိုက်ခြင်းရှိခဲ့သည် (က၊ ၂၅း၂၈)။ ထို့ကြောင့် ဣဇာက်သည် သားဦးကို ကောင်းချီးပေးမည့်အချိန်ရောက်သောအခါ၊ သူမသည် ယာကုပ်အား ကောင်းချီးမင်္ဂလာကို ရရှိနိုင်မည့်အကြောင်း သူ၏ဖခင်ကို မည်သို့လှည့်စားရမည်ကို သွန်သင်ခဲ့သည် (က၊ ၂၇း၁–၁၇)။ ဤအရာက ယာကုပ်နှင့် သူ၏အစ်ကို ဧသောအကြားတွင် မုန်းတီးခြင်းမျိုးစေ့ကို ချပေးခဲ့သည်။

ဂ။ နောက်ဆုံးတွင် ရေဗက္ကသည် ရွေးချယ်စရာမရှိတော့ဘဲ သူမ ဘက်လိုက်ပြီး ချစ်ခဲ့သောသားကို သူမ၏မောင် နေရပ်သို့ ထွက်ပြေးနိုင်ရန် အဝေးသို့ စေလွှတ်ခဲ့ရသည်–က၊ ၂၇း၄၁–၄၅။

၁။ ဤအရာအတွက် သူမသည် အကြောင်းပြချက်ကို ရှာဖွေခဲ့ပြီး၊ သူမ၏ခင်ပွန်းအား ယာကုပ်ကို မိန်းမယူရန် သူမ၏နေရင်းအရပ်သို့ စေလွှတ်ဖို့ တောင်းဆိုခြင်းဖြင့် သူမ၏ခင်ပွန်းကို ကျွမ်းကျင်စွာ ကိုင်တွယ်ခဲ့သည်–က၊ ၂၇း၄၆– ၂၈း၂။

၂။ သူမသည် သူမ၏ကျန်ကြွင်းသောအချိန်ကာလအတွင်း သူမ ချစ်သောသားကို နောက်တစ်ဖန် ဘယ်တော့မှ မြင်တွေ့ရခြင်း မရှိတော့ပါ။

ဃ။ ဤအရာအားလုံးသည် အနုတ်လက္ခဏာဆောင်သော ပုံစံကို ဖြစ်ပွားစေသည်။ ဤပုံစံက မိခင်များဖြစ်ကြသော ညီအစ်မတို့သည် သူတို့၏ကလေးများထံသို့ ဘက်လိုက်သောချစ်ခြင်းမေတ္တာ မရှိသင့်ကြောင်း သို့မဟုတ် ကောင်းချီးမင်္ဂလာများကို ရရှိရန် သူတို့၏ဖခင်တို့ကို လှည့်စားဖို့ သွန်သင်ခြင်းမပြုသင့်ကြောင်း၊ ထိုအရာသည် မိသားစုအသက်တာကို သဘောထားကွဲလွဲစေကြောင်းကို ပြသနေသည်။

င။ ဤအရာက ဇနီးများ ဖြစ်ကြသော ညီအစ်မတို့သည် သူတို့၏ခင်ပွန်းများကို ကျွမ်းကျင်စွာ ကိုင်တွယ်ရန် အကြောင်းပြချက်ကို ရှာဖွေဖို့ မကြိုးစားသင့်ကြောင်းကိုလည်း ပြသနေသည်။ ထိုကဲ့သို့ ကျွမ်းကျင်စွာ ကိုင်တွယ်ခြင်းက ကလေးများအား အိမ်မှ ထွက်၍ ခေြဦးတည့်ရာလျှောက်သွားခြင်းကို ဖြစ်ပေါ် စေနိုင်သည်။

## LESSONS FOR THE SISTERS

### Lesson 3

### ဓမ္မဟောင်း၌ရှိသော မိန်းမတို့၏ စံနမူနာနှင့် ပုံသက်သေများ (၃) –

### လောတ၏ မိန်းမနှင့် တာမာ

ဖတ်ရန်ကျမ်း။ ။ ကာ၊၁၉း၂၆။ လု၊၁၇း၃၂–၃၃။ ကာ၊၃၈း၆–၂၇။ မ၊၁း၅။ ၂ရာ၊၂း၄။ ရှ၊၄း၁၂

**I. ''လောတ၏မယားမူကား၊ လောတ၏နောက်မှနေ၍ နောက်သို့လှည့်ကြည့်သောကြောင့် ဆားတိုင်ဖြစ်လေ၏'' (ကာ၊၁၉း၂၆)။ ''လောတ၏မယားကို အောက်မေ့ကြလော့။ အကြင်သူသည် မိမိစိတ်–အသက်ကို ကယ်ဆယ်ခြင်းငှာ ရှာကြံ၏။ ထိုသူသည် အသက်ရှုံးလိမ့်မည်။ အကြင်သူသည် စိတ်–အသက်ရှုံး၏။ ထိုသူသည် မိမိအသက်ကို ကယ်ဆယ်လိမ့်မည်'' – လု၊၁၇း၃၂–၃၃။**

က။ လောတ၏ဇနီးသည် သောဒုံမြို့သို့ပြန်လှည့်ကြည့်ခြင်းကြောင့် ဆားတိုင် ဖြစ်လာခဲ့သည်။ ဤသည်မှာ သူမသည် ဘုရားသခင်မှ စီရင်၍ အဆုံးစွန် ဖျက်ဆီးပစ်တော့မည့် ဆိုးညစ်သော လောကကိုချစ်၍၊ တန်ဖိုးထားခဲ့ကြောင်း ညွှန်ပြနေခြင်းဖြစ်သည် – အငယ်၊၃၂ မှတ်စု ၁။

ခ။ သူမသည် သောဒုံမြို့မှ ကယ်တင်ခံခဲ့ရသော်လည်း၊ လောတရောက်ရှိခဲ့သည့် လုံခြုံစိတ်ချရသော နေရာသို့ မရောက်ရှိခဲ့ပေ (ကာ၊၁၉း၁၅–၃၀)။ သူမသည် ပျက်စီးခြင်း မရှိခဲ့သလို၊ ပြည့်စုံစွာ ကယ်တင်ခံရခြင်းလည်း မရှိခဲ့ပေ။

ဂ။ ဆားသည် အငန်ကင်းပျောက်သကဲ့သို့ (လု၊၁၄း၃၄–၃၅ နှင့် မှတ်စု ၃၄)၊ သူမသည် ရှက်ကြောက်ဖွယ်သော နေရာ၌ ကျန်ရစ်ခဲ့သည်။ ဤသည်မှာ လောကကို ချစ်သော ယုံကြည်သူများအတွက် တည်ကြည်လေးနက်သော သတိပေးချက် ဖြစ်သည်။

၁။ ခရစ်တော်၌ရှိသော ယုံကြည်သူများသည် မြေကြီး၏ ဖောက်ပြန်ပျက်စီးခြင်းကို ပယ်ဖျက်ရန်နှင့် သေစေရန် ဘုရားသခင်အားဖြင့် အသုံးပြုခံရသော မြေကြီး၏ဆား ဖြစ်ကြသည် – မ၊၅း၁၃။

၂။ သူတို့၏ အရသာသည် မြေကြီးဆိုင်ရာအရာများကို သူတို့၏ စွန့်ပစ်ခြင်းအပေါ် မူတည်နေပါသည်။ သူတို့သည် မြေကြီးအရာများကို ပို၍စွန့်ပစ်လေလေ၊ သူတို့၏ အရသာသည် ပို၍အစွမ်းထက်လေလေ ဖြစ်လိမ့်မည်ဖြစ်သည်။

၃။ သူတို့သည် မျက်မှောက်အသက်တာ၏ အရာများအားလုံးကို စွန့်ပစ်ရန် အလိုဆန္ဒမရှိခြင်းအားဖြင့် သူတို့၏ အရသာသည် ပျောက်ဆုံးသွားလိမ့်မည်ဖြစ်သည်။ ဤသို့ဖြစ်ပျက်လာခဲ့လျှင်၊ သူတို့သည် လာမည့်နိုင်ငံတော်ကို ထွက်ပေါ်စေမည့် (ဗျာ၊၁၁း၁၅) ဘုရားသခင်၏ ဥယျာဉ်တော်ဖြစ်သော၊ အသင်းတော်ကို ပုံဆောင်ထားသည့် မြေအတွက် ဆီလျော်ခြင်းမရှိနိုင်သလို (၁ကော၊၃း၉)၊ စကြဝဠာ၌ ညစ်ညမ်းသောနေရာ၊ ငရဲကို ပုံဆောင်သော နောက်ချေးပုံအတွက်လည်း ဆီလျော်ခြင်းမရှိနိုင်ပေ (ဗျာ၊ ၂၁း၈။ ၂၂း၁၅)။

၄။ သူတို့သည် ဘုရားသခင်၏ နိုင်ငံတော်၊ အထူးသဖြင့် မိလေနိ၌ရှိသော နိုင်ငံတော်၏ ဘုန်းတော်မှ ထုတ်ပစ်ခြင်းခံရလိမ့်မည်ဖြစ်သည် (မဿဲ၊ဂ မှတ်စု၁၂ ကိုကြည့်ပါ)။

၅။ သူတို့သည် ထာဝရပျက်စီးခြင်းမှ ကယ်တင်ခံရကြသော်လည်း၊ မြေကြီးဆိုင်ရာအရာများကို စွန့်ပစ်ရန် ကျဆင်းခဲ့ကြသောကြောင့်၊ ဘုရားသခင်၏ နိုင်ငံတော်၌ သူတို့၏ လုပ်ဆောင်ခြင်းကို ဆုံးရှုံးစေသည့်အပြင်၊ လာမည့် နိုင်ငံတော်အတွက် ဆီလျော်သင့်မြတ်မှု မရှိခြင်းနှင့် ဆုံးမခြင်းအတွက် ဘေးဖယ်ထားရန် လိုအပ်ခြင်းဖြစ်သည်။

ဃ။ ကျွန်ုပ်တို့၏ စိတ်–အသက်ကို စောင့်ထိန်းခြင်းသည် လုကာ ၁၇း၃၁ ၌ ဖော်ပြထားသည့် မြေကြီးဆိုင်ရာနှင့် ရုပ်ဝတ္ထုပိုင်းဆိုင်ရာ အရာများ၌ မှီတွယ်ခြင်းနှင့် ဆက်နွယ်နေသည်။ ကျွန်ုပ်တို့သည် မြေကြီးဆိုင်ရာအရာများ၌ မှီတွယ်နေခြင်းမှာ ဤခေတ်၌ ကျွန်ုပ်တို့စိတ်၏ မွေ့လျော်ဝမ်းမြောက်ခြင်းကို ဂရုစိုက်နေသောကြောင့် ဖြစ်သည်။ ၎င်းသည် ကျွန်ုပ်တို့၏ စိတ်ကို ဆုံးရှုံးစေလိမ့်မည်ဖြစ်သည်။ ဆိုလိုသည်မှာ ကျွန်ုပ်တို့၏စိတ်သည် လာမည့် နိုင်ငံတော်ခေတ်၌ ၎င်း၏မွေ့လျော်ဝမ်းမြောက်ခြင်းကို ဆုံးရှုံးရလိမ့်မည်ဖြစ်သည်။

င။ လုကာ ၁၇း၂၂–၃၇ ၌ ယေရှုသည် ကျွန်ုပ်တို့အား သူ၏ *ပါရိုးစီးရား* (မျက်မှောက်တော်၊ ကြွလာခြင်း)ကို မွေ့လျော်ဝမ်းမြောက်မှုအထဲသို့ ချီဆောင်ခြင်းခံရရန် ဤခေတ်၌ မိမိအလိုတပ်မက်ခြင်းဖြင့် အသက်ရှင်ခြင်း၌ ယစ်မူးမျောပါနေသော သက်ရောက်မှုကို အောင်မြင်ရမည်ဖြစ်ကြောင်း မိန့်မှာခဲ့သည်။ ဤမိန့်မှာချက်အားလုံးသည် သူတို့၏ လက်တွေ့ကျသော အသက်ရှင်ခြင်း၌ ယုံကြည်သူများ၏ အောင်မြင်ခြင်းနှင့် ဆက်နွယ်နေသည်။

စ။ သူမသည် နောက်သို့ လှည့်မကြည့်မီနှင့် ဆားတိုင် မဖြစ်မီကပင် သူမ၏ ခင်ပွန်းနောက်တွင် အလိုလို ရှိနေခဲ့ပြီးဖြစ်သည်။ ဤသည်မှာ ဇနီးသည်များအတွက် စကားဖြစ်သည် – က၊၁၉း၂၆။

၁။ အပြစ်ကို ကျူးလွန်ခြင်းတွင် ဇနီးသည် ခင်ပွန်း၏ နောက်သို့လိုက်ရန် တွန့်ဆုတ်နေခြင်းမှာ ကောင်းမွန်ပါသည်။ သို့သော် ဘုရားသခင်၏ အရာများနှင့် စပ်လျဉ်း၍ ခင်ပွန်း၏ နောက်သို့လိုက်ခြင်းတွင် နှေးကွေးနေခြင်းမှာ ကောင်းသောအရာ တစ်ခု မဟုတ်ပါ – ညွှန်း၊ တ၊၅း၁–၁၁။

၂။ ဘုရားသခင်၏ အရာများနှင့် ပတ်သက်၍ ဇနီးအတွက် အကောင်းဆုံး လုပ်နိုင်သောအရာမှာ မိမိ၏ ခင်ပွန်းနှင့် အတူတူ လျှောက်လှမ်းရန်နှင့် အတူတကွ လျှောက်လှမ်းသွားရန် ဖြစ်ပါသည်။

၃။ ဇနီးသည်တို့၊ ဘုရားသခင်၏ အရာများနှင့် စပ်လျဉ်း၍ ခင်ပွန်းများ၏ နောက်ကွယ်တွင် မနေပါနှင့်။ အကယ်၍ ထိုသို့ပြုမည်ဆိုပါက၊ လောတ၏ မယားကဲ့သို့ ဆင်းရဲဒုက္ခခံစားရမည်ဖြစ်ကာ၊ ဆားတိုင် ဖြစ်လာလိမ့်မည်ဖြစ်သည်။ ဤသည်မှာ ကျွန်ုပ်တို့အားလုံးအတွက် သတိပေးချက်တစ်ခု ဖြစ်သည်။

ဆ။ ယနေ့ ခရစ်ယာန်လောကသည် လူများအား ကယ်တင်ခြင်း အကြောင်းအရာ သို့မဟုတ် ပျက်စီးခြင်း အကြောင်းအရာတို့ကိုသာ ကူညီပေးပါသည်။ သို့သော် သမ္မာကျမ်းစာက ကယ်တင်ခြင်းနှင့် ပျက်စီးခြင်းအပြင် ဘုန်းတော်နှင့်ဆိုင်သော အကြောင်းအရာနှင့် ရှက်ဖွယ်သော အကြောင်းအရာတို့ကိုလည်း ဖွင့်ပြပေးထားပါသည် – ၁ယော၊၂း၂၈။

၁။ လောတ၏မိန်းမသည် မဆုံးရှုံးခဲ့ပါ၊ သူမသည် ပျက်စီးခြင်းမှ ကယ်တင်ခံခဲ့ရပါသည်။ သို့သော်လည်း နောက်ဆုံးတွင် သူမသည် ရှက်ဖွယ်ရာ ဖြစ်လာခဲ့သည်။

၂။ ထို့ကြောင့် သခင်ဘုရားက လုကာ ၁၇း၃၂တွင် "လောတ၏ မယားကို အောက်မေ့ကြလော့"ဟု ပြောဆိုထားကာ၊ ကျွန်ုပ်တို့သည် ကယ်တင်ခံရပြီးဖြစ်သော်လည်း၊ သခင်ဘုရား ပြန်ကြွလာခြင်း၌ ကျွန်ုပ်တို့သည် လောတ၏ မိန်းမကဲ့သို့ ရှက်ဖွယ်ရာကို ခံစားနိုင်ကြောင်း သတိပေးထားပါသည်။

## II. "ယုဒသည် မိမိဇနီး တာမာတွင် ဖာရက်နှင့် ဇာရကို ဖွားမြင်၏" (မ၊၁း၃)။ "ချွေးမတာမာတွင် ဖွားမြင်သော သားတို့ကား ဖာရက်နှင့် ဇာရတည်း" (၁ရာ၊၂း၄)။ "သင်၏ အိမ်သားသည် ယုဒမယားတာမာ ဖွားမြင်သော ဖာရက် အိမ်သားကဲ့သို့ ဖြစ်ပါစေသောဟု ပြောဆိုကြ၏" (ရု၊၄း၁၂)။

က။ တာမာသည် သူမ၏ ယောက္ခမနှင့် သွေးရင်းစပ်ယှက်မှုကို ကျူးလွန်ခြင်းမှတစ်ဆင့် သန္ဓေတည်ခဲ့ခြင်းဖြစ်သည်။ လူ့ကျင့်ဝတ်အရ ပြောဆိုရလျှင်၊ ဤသည်မှာ မနှစ်မြို့ဖွယ် ဖြစ်ပြီး၊ ကိုယ်ကျင့်တရားအရ ဆိုလျှင်၊ ယင်းမှာ အလွန်ဆိုးရွားပါသည်။ မည်သူမျှ ၎င်းကို မှန်ကန်ကြောင်း ပြောမည်မဟုတ်ပါ – က၊၃၈း၆–၂၇။

ခ။ မည်သို့ပင်ဆိုစေ သူမသည် ဖြောင့်မတ်သောသူ ဖြစ်သည်။ အမှားသည် သူမဘက်တွင် မရှိဘဲ၊ သူမ၏ ယောက္ခမ၊ ယုဒဘက်တွင် ရှိနေခြင်းဖြစ်ကာ၊ ယုဒက သူမသည် သူ့ထက် ပို၍ ဖြောင့်မတ်ကြောင်း ဝန်ခံခဲ့သည် – အငယ်၊၂၆။

၁။ တာမာသည် ယုဒသားဦး၏ မိန်းမ ဖြစ်သည်။ ဤသားသည် သားဦးအရာကို အမွေခံရခြင်း ရှိသင့်သည်။

၂။ သို့သော် တာမာ၏ ခင်ပွန်းသည် သခင်ဘုရား၏ အမြင်၌ ဆိုးယုတ်သောကြောင့်၊ သခင်ဘုရားသည် သူ့ကို ကွပ်မျက်ခဲ့သည် (အငယ်၊၇)။ သခင်ဘုရားသည် ယုဒ၏ ဒုတိယသားကိုလည်း ကွပ်မျက်ခဲ့သည် (အငယ်၊၈–၁၀)။

၃။ ရှေးကာလက သတ်မှတ်ချက် စည်းမျဉ်းများအရ ယုဒသည် သူ၏ သား နောက်တစ်ယောက်ကို တာမာနှင့် လက်ထပ်ရန် စီစဉ်ပေးသင့်ပါသည်။ သို့မှသာ သားဦးအရာကို အမွေခံရန် သားတစ်ဦး မွေးဖွားလာနိုင်မည်ဖြစ်သည်။

၄။ သို့သော်လည်း ယုဒသည် သူ၏ တာဝန်ကို မဖြည့်ဆည်းခဲ့ပေ။ တစ်နည်းအားဖြင့် ယုဒသည် တာမာကို လိမ်လည်လှည့်စားခဲ့သည် – အငယ်၊၁၁–၁၄။

၅။ သို့သော် တာမာသည် မစွန့်လွှတ်ခဲ့ပါ၊ ထိုအစား သူမသည် သားဦးအရာကို ရရှိရန် မလျော်ကန်သော နည်းလမ်းကိုပင် အသုံးပြုခဲ့သည်။ နည်းလမ်းသည် လျော်ကန်သည်ဖြစ်စေ၊ မလျော်ကန်သည်ဖြစ်စေ၊ တာမာသည် ထိုသားဦးအရာကို ရရှိရန် အစွမ်းကုန်ကြိုးစားခဲ့သည်။

ဂ။ တာမာသည် သားဦးအရာအတွက် စိတ်နှလုံးရှိသူ ဖြစ်သည်။ တာမာ၏ အချိန်၌ သားဦးအရာသည် အလွန်အမင်း အဓိပ္ပာယ်ရှိသောအရာ ဖြစ်သည် (က၊၃၈း၆–၈)။ သားဦးအရာတွင် မြေ၏ နှစ်ဆသောဝေစု၊ ယဇ်ပုရောဟိတ်အရာနှင့် ရှင်ဘုရင်အရာတို့ ပါဝင်သည်။ မြေ၏ နှစ်ဆသော ဝေစုမှာ ခရစ်တော်ကို နှစ်ဆသော မွေ့လျော်ဝမ်းမြောက်မှုအား ရည်ညွှန်းသည်။

၁။ တာမာသည် သားဦးအရာအတွက် စိုးရိမ်ပူပန်ခဲ့သည်။ သူမသည် ဖြတ်တောက်ခြင်းခံရပါက၊ သူမသည် ဘုရားသခင်၏ ကတိတော်နှင့် ပြီးဆုံးသွားမည်ဖြစ်ကြောင်း သိရှိခဲ့သည်။ ဘုရားသခင်၏ ကတိတော်မှာ ခရစ်တော်၌ ကိုယ်တော်၏ ရွေးချယ်ခံလူတို့၏ ဝေစုဖြစ်လာရန် သူကိုယ်တော်တိုင်နှင့်ဆိုင်သည့် ကတိတော်ပင် ဖြစ်ပါသည်။ တာမာသည် ဤကောင်းချီးမင်္ဂလာကို လွဲချော်သွားရန် အလိုမရှိခဲ့ပါ။

၂။ သားဦးအရာကို ရရှိရန်မှာ ခရစ်တော်ကို အမြတ်ရရှိရန်ပင် ဖြစ်ပါသည်။ ခရစ်တော်ကို အမြတ်ရရှိနိုင်ရန်အလို့ငှာ၊ ကျွန်ုပ်တို့သည် အကောင်းဆုံးသောလမ်းဟု မထင်ရသည့် လမ်းကို ယူဆောင်ရန် အသင့်ရှိနေရမည်ဖြစ်သည်။

ဃ။ တာမာ၏ အမည်ကို အလေးအမြတ်ထားကြခြင်းမှာ သူမသည် အပြစ်ပြည့်ဝသော တစ်စုံတစ်ရာကို ဂရုစိုက်ခဲ့ခြင်း မဟုတ်ဘဲ (ရု၊၄း၁၂)၊ သားဦးအရာတစ်ခုတည်းကိုသာ ဂရုစိုက်ခဲ့သောကြောင့် ဖြစ်သည်။ ယနေ့ ကျွန်ုပ်တို့အတွက် ဤအရာ၏ အနက်အဓိပ္ပာယ်မှာ ကျွန်ုပ်တို့သည် ခရစ်တော်ကို ဂရုစိုက်ပြီး၊ ကိုယ်တော့်ကို ရှာဖွေကြမည်ဆိုလျှင်၊ ကိုယ်တော့်ကို ကျွန်ုပ်တို့ အမှန်တကယ် အမြတ်ရရှိနိုင်သည့် နည်းလမ်းတိုင်းသည် မှန်ကန်သောနည်းလမ်း ဖြစ်သည်ဟု ဆိုလိုသည်။

## LESSON FOR THE SISTERS

Lesson 4

### **ဓမ္မဟောင်း၌ ရှိသောမိန်းမတို့၏ စံနမူနာနှင့် ပုံသက်သေများ(၄) – ဟေဗြဲဝမ်းဆွဲမ၊ မောရှေမိခင်နှင့် အစ်မ၊ ဖာရောဏ်၏သမီးတော်နှင့် သူမ၏ကျွန်မ**

ဖတ်ရန်ကျမ်း။ ။ ထွ၊ ၁း၁၅–၂၂။ ၂း၁–၁၀။

**I. သခင်ဘုရားသည် အချုပ်အခြားအာဏာဖြင့် မိန်းမအသက်တာ၊ ဝမ်းဆွဲမများကို အသုံးပြု၍၊ ယောကျ်ားများ၏ အသက်ကို ကယ်တင်ခဲ့သည် – ထွ၊၁း၁၅–၂၂။**

က။ သားများကို သတ်ပြီး၊ သမီးများကို အသက်ချမ်းသာပေးသော ဖာရောဏ်၏ရည်ရွယ်ချက်မှာ ဘုရားသခင်၏ အကြံအစည်အတွက်ဖြစ်သော အသက်ကို ဖျက်ဆီးရန်နှင့် ယောကျ်ား၏ ကျေနပ်မှုအတွက်ဖြစ်သော အသက်ကို ထိန်းသိမ်းထားလိုသည့် စာတန်၏ နည်းပရိယာယ်ကို ပုံဆောင်သည် – ၁း၁၆။

ခ။ ဘုရားသခင်သည် ဖာရောဘုရင်ကို ဖက်ပြိုင်တိုက်ခိုက်တော်မမူခဲ့ပါ။ ထိုအစား ကိုယ်တော်သည် ဝမ်းဆွဲမနှစ်ဦးကို အချုပ်အခြားအာဏာအားဖြင့် ယောကျ်ားအသက်ကို ကယ်တင်ရန် အသုံးပြုတော်မူခဲ့သည်။ ဖာရောသည် ယောကျ်ား အသက်ကို သေစေဖို့ ဝမ်းဆွဲမတို့ကို အသုံးပြုရန်ကြိုးစားခဲ့သော်လည်း၊ ဘုရားသခင်သည် ဘုရားသခင်အတွက်နှင့် သူ၏ အကြံအစည်တော်အတွက်ဖြစ်သော အသက်ကို စောင့်ထိန်းရန် ဝမ်းဆွဲမတို့ကို အသုံးပြုတော်မူခဲ့သည်။

၁။ ညီအစ်မများကို ရန်သူအသုံးပြုရန် လွယ်ကူနိုင်သည်၊ သို့သော် သူတို့ကို ဘုရားသခင်အသုံးပြုရန်မှာလည်း လွယ်ကူနိုင်သည်။ အသင်းတော်သည် ထုံထိုင်းသေနေမည် သို့မဟုတ် ကယ်နုတ်ခံရခြင်း ရှိမရှိမှာ ညီအစ်မများအပေါ် တွင် မူတည်သည်။

၂။ အသင်းတော်အသက်တာ၌ ညီအစ်မများအတွက် အမှန်တရားသည် နိုင်ငံတစ်ခုရှိ အမျိုးသမီးများအတွက်လည်း မှန်ပေသည်။ အမျိုးသမီးများကို စာတန်အသုံးပြုသောအခါ၊ တိုင်းပြည်ပျက်စီးလိမ့်မည် ဖြစ်သည်။ သို့သော် သူတို့အား ဘုရားသခင်အသုံးပြုသောအခါ တိုင်းပြည်ကို ထိန်းထားနိုင်လိမ့်မည် ဖြစ်သည်။

ဂ။ ယိုယွင်းကျဆင်းသောအချိန်၊ အလွန်အမင်း လိုအပ်နေသည့်အချိန်၌ ဘုရားသခင်သည် အမျိုးသမီးအသက်ကို အသုံးပြု၍ အခြေအနေကို ကယ်တင်ပြီး သူ၏ကယ်တင်ခြင်းကို ယူဆောင်လာရန် ရောက်ရှိလာခဲ့သည်။ ထွက်မြောက်ရာ ၁ ၌ ဤသို့ရှိခဲ့သည်။

၁။ အမျိုးသမီးများသည် အားနည်းသော တန်ဆာဖြစ်သည်ကို သိသောကြောင့်၊ စာတန်သည် အမြင့်ဆုံးသောအချိန်၌ ထိုသူတို့ထံသို့ လာတတ်သည်။ အမျိုးသမီးများထံ ရောက်လာခြင်းဖြင့် သခင်ဘုရားသည် စာတန်ကို အရှက်ရစေတော်မူခဲ့သည်။

၂။ အရေးတကြီးလိုအပ်သောအချိန်တိုင်းတွင် ညီအစ်မများ ရှိနေကြောင်း နှုတ်ကပတ်တော်၌ ခိုင်မာသော ဖော်ပြချက်ပါရှိသည်။

၃။ ညီအစ်မများသည် အံ့သြဖွယ်ကောင်းသောအချိန်တွင် သတိထားရန် လိုအပ်ပြီး၊ သူတို့သည် ဝမ်းဆွဲမများ ပြုသကဲ့သို့ သခင်ဘုရားဘက်၌ ရပ်တည်ရန်နှင့် ပျက်စီးယိုယွင်းသောအချိန်များ၊ အခြေအနေကို ကယ်တင်ရန်နှင့် ကိုယ်တော်၏ အကြံအစည်ကို ပြည့်စုံစေရန်အတွက် အရေးတကြီးလိုအပ်သောအချိန်များတွင် ကိုယ်တော်အားဖြင့် အသုံးပြုခြင်းခံရန်လည်း အဆင်သင့်ဖြစ်နေရန် လိုအပ်သည်။

၄။ အလေ့အလာသည် ဝမ်းဆွဲမများ၏ဖြစ်ရပ်နှင့် အပိုကြညာမာရိ၏ဖြစ်ရပ်နှစ်ရပ်လုံး၌ အတူတူဖြစ်သည်။ သူတို့သည် ကယ်တင်ခြင်းဆောင်ယူလာစေရန် ဘုရားသခင်အားဖြင့် အသုံးပြုခြင်းခံရသည်။

၅။ ဤအလေ့အလာသည် ယနေ့အသင်းတော်အသက်တာတွင်လည်း အကျုံးဝင်သည် –

က။ ညီအစ်မများသည် စာတန်အားဖြင့် အသုံးပြုခံရသည့်အခါတိုင်း၊ အသင်းတော်၌ ပျက်စီးခြင်းများရှိမည်ဖြစ်သည်။

ခ။ သို့သော် သူတို့သည် သခင်ဘုရားအားဖြင့် အသုံးပြုခံရသည့်အခါတိုင်း၊ ကယ်တင်ခြင်းရှိ လိမ့်မည် ဖြစ်သည်။ ယနေ့ အသင်းတော်၏ အခြေအနေအား ကယ်တင်ရန် အမျိုးသမီးများ၏ အသက်ကို တစ်ဖန်အသုံးပြုတော်မူရန် သခင်ဘုရားကို ကျွန်ုပ်တို့ ကြည့်ရှုပါသည်။

ဃ။ "ထို့ကြောင့် ဘုရားသခင်သည် ဝမ်းဆွဲမတို့ကို ကျေးဇူးပြုတော်မူ၏။ ထိုလူမျိုးသည်လည်း များပြား၍ အလွန် အားကြီး ကြလေ၏။ ဝမ်းဆွဲမတို့သည် ဘုရားသခင်ကို ကြောက်ရွံ့ကြသောကြောင့်၊ ကိုယ်တော်သည် သူတို့အိမ်သူ အိမ်သားများကို မြဲမြံစေတော်မူ၏" – ထွ၊၁း ၂၀–၂၁။

၁။ ဝမ်းဆွဲမတို့ကို ကျေးဇူးပြုတော်မူခြင်းအားဖြင့်၊ ဘုရားသူ၏ အကြံအစည်တော် ပြည့်စုံစေရန် အသက်ကို မွေးထုတ်ပေးရန် သူတို့အိမ်သူအိမ်သားများကို မြဲမြံစေတော်မူသည်။ ဆိုလိုသည်မှာ ကိုယ်တော်သည် ဘုရားသခင်၏ အကြံအစည်တော်အတွက် အသက်မွေးထုတ်ပေးရန် ယောကျ်ားတို့၏ ကျေနပ်မှုအတွက်ဖြစ်သောအသက်ကို အသုံးပြုတော်မူခဲ့ကြောင်း ဆိုလိုသည်။

၂။ ကျွန်ုပ်တို့သည် ဖာရောနှင့်အတူ ရပ်တည်ရန် ငြင်းဆို၍ ဘုရားသခင်နှင့်အတူ ရပ်တည်မည်ဆိုပါက၊ ဘုရားသခင်သည် ကျွန်ုပ်တို့ကို ကျေးဇူးပြုတော်မူမည်။ သို့မှသာ ကျွန်ုပ်တို့သည် ကိုယ်တော်၏ စီမံကိန်းကို ပြီးမြောက် ပြည့်စုံစေရန်အတွက် အသက်ကို ထုတ်လုပ်ပေးနိုင်မည်ဖြစ်ကြောင်း ဤပုံကားချပ်တွင် မြင်တွေ့ရသည်။

၃။ ညီအစ်မတို့၊ သင်တို့သည် စာတန်နှင့်အတူမဟုတ်ဘဲ သခင်ဘုရားနှင့်အတူ ရပ်တည်သောအခါ၊ ဘုရားသခင်သည် သင့်အတွက် အိမ်သူအိမ်သားများကို မြဲမြံစေတော်မူမည်။ ဤသည်မှာ ဘုရားသခင်သည် သူ၏ရည်ရွယ်ချက်ပြည့်စုံစေရန်အတွက် အသက်မွေးထုတ်ပေးရန် ယူနစ်များကို မြဲမြံစေမည်ဟု ဆိုလိုသည်။

၄။ စာတန်သည် ကျွန်ုပ်တို့အား ကျွန်ပြုရန် သို့မဟုတ် ကျွန်ုပ်တို့ကို အသေဖြစ်စေရန် မည်မျှပင်ကြိုးပမ်းပါစေ၊ ဘုရားသခင်သည် အချုပ်အခြာအာဏာပိုင်ဆဲဖြစ်ပြီး၊ ကျွန်ုပ်တို့အား ယနေ့၏ဝမ်းဆွဲများအဖြစ် အသုံးပြုနိုင်သည်။

၅။ ကျွန်ုပ်တို့အားလုံးသည် ယောကျ်ားတို့၏ ကျေနပ်ခြင်းအတွက်ဖြစ်သောအသက်ကို ဘုရားသခင်၏ အကြံအစည်တော် အတွက်ဖြစ်သော အသက်သို့ ပြောင်းလဲပေးသောသူများဖြစ်နိုင်သည်။ အကယ်၍ ကျွန်ုပ်တို့သည် ထိုသို့သော ဝမ်းဆွဲများဖြစ်ပါက ဘုရားသခင်၏ အကြံအစည်တော်ကို ပြီးမြောက်ပြည့်စုံစေခြင်းအတွက်ဖြစ်သော အသက်ကို ထုတ်လုပ်သူများနှင့်ပြည့်နေသော အိမ်သူအိမ်သားများနှင့် ကျွန်ုပ်တို့အား မြဲမြံစေတော်မူလိမ့်မည် ဖြစ်သည်။

**II. အစ္စရေးလူမျိုးကို ကယ်တင်မည့်သူအဖြစ် မောရှေကို ပြင်ဆင်ခြင်း၌၊ ဘုရားသခင်သည် မောရှေ၏မိခင်၊ မောရှေ၏အစ်မနှင့် ဖာရော့သမီးတော်၏ကျွန်မနှင့် ဖာရောသမီးတော် တည်းဟူသော မိန်းမလေးဦးအား ကိုယ်တော်၏ အကြံအစည်တော်အတွက် မောရှေကို မွေးဖွားရန်၊ ထိန်းကျောင်းပြုစုရန်၊ ကယ်တင်ရန်၊ ကျွေးမွေး စောင့်ရှောက်ရန်နှင့် လေ့ကျင့်သင်တန်းပေးရန် အသုံးပြုခဲ့သည်။ ဤမိန်းမများကို ဘုရားသခင် အသုံးပြုခဲ့ခြင်းမှာ အလွန်အရေးကြီးသော အချိန်ကာလများအတွင်း ဘုရားသခင်အားဖြင့် အသုံးပြုခံနိုင်သော အသက်တာမှာ ဘုရား သခင်နှင့်အတူ ရပ်တည်ပြီး၊ ကိုယ်တော့်အပေါ် မှီခိုမှုရှိသော အသက်ကို ပုံဆောင်သည့် မိန်းမအသက်တာပင် ဖြစ်ကြောင်း ဖွင့်ပြနေသည်။ – ထွ၊၂း၂–၁၀။ တ၊ ၇း၂၀–၂၂။**

က။ ထွက်မြောက်ရာ ၂ ၌ အမျိုးသမီးအများအပြားကို ဘုရားသခင်အသုံးပြုတော်မူခဲ့သည်။ ပထမကား မောရှေ၏မိခင်၊ လေဝိအမျိုးသမီးဖြစ်သည် – ၂း၁။

၁။ မောရှေ၏မိခင်သည် မောရှေကို ဖွားမြင်ပြီးနောက် သူ့ကို သုံးလပတ်လုံး ဖွက်ထားခဲ့သည် – အငယ်၊ ၂။

၂။ သူမသည် သူ့ကို ဝှက်၍မထားနိုင်သောအခါ၊ ကျူရိုးဖြင့်ရက်သော ပုခက်ကို ယူ၍ ရေညှိနှင့်သစ်စေးဖြင့်လူးပြီးလျှင် သူငယ်ကို ထည့်၍၊ မြစ်ကမ်းနား ကျူတော၌ ထားလေ၏ – အငယ်၊ ၃။

၃။ သို့သော် နောက်ပိုင်းတွင် သူမသည် အချိန်ကာလတစ်ခုထိ သူ့ကို ကျွေးမွေးပြုစုရန် ဖာရော၏သမီးတော်ဖြင့် ငှားရမ်းခြင်းခံရသည်။

၄။ ထို့ကြောင့် ထွက်မြောက်ရာ ၂ ၌ ဖော်ပြထားသော ပထမဆုံးအမျိုးသမီးမှာ မောရှေ၏မိခင်ဖြစ်ပြီး၊ သူ့ကို ဖွားမြင်ခြင်းနှင့် သူ့ကို ကျွေးမွေးပြုစုခဲ့သည့် အသက်ဖြစ်ပေသည် – အငယ်၊ ဂ–၉။

ခ။ ဒုတိယ အမျိုးသမီးမှာ မောရှေ၏ အစ်မ၊ မိရိအံ ဖြစ်သည် – အငယ်၊ ၄။

၁။ ဖာရော၏သမီးတော်သည် မြစ်အတွင်းတစ်နေရာ၌ ရေဆင်းချိုးလေ့ရှိကြောင်း မောရှေ မိသားစုမှ သိရှိကြပြီး၊ မောရှေအား သူမ တွေ့ရှိကာ သူမဖြင့် ကျွေးမွေးပြုစုစေမည်ဟု သူတို့မျှော်လင့်ခဲ့ခြင်းလည်း ဖြစ်နိုင်သည်။

၂။ နောက်ခံတွင် မောရှေ၏ဖခင်နှင့်အတူ မိခင်နှင့် ဖခင်တို့သည် အစီအစဉ်ကို အကောင်အထည်ဖော်ရန် အတူတကွလုပ်ဆောင်ခဲ့ကြသည်။

၃။ ဖာရော၏ သမီးတော်သည် သူငယ်ကိုမြင်၍ သူ့အပေါ် သနားစိတ်ရှိသောအခါ၊ မောရှေ၏ အစ်မက သူ့မိခင်အား သူ့ကို ကျွေးမွေးပြုစုစေရန် အကြံပြုခဲ့သည် – အငယ်၊ ၇–ဂ။

၄။ ထို့ကြောင့် မောရှေအစ်မသည် ယောကျ်ားအသက်ကို စောင့်ကြည့်ခဲ့ပြီး၊ ဖာရော၏ သမီးတော်နှင့် မောရှေမိခင်တို့အကြား

ဆက်နွယ်မှုကို တည်စေခဲ့သည်။

ဂ။ ဤအခန်း၌ ဖော်ပြထားသော တတိယမြောက် အမျိုးသမီးမှာ ဖာရောသမီးတော်၏ ကျွန်မ ဖြစ်သည် –အငယ်၊ ၅။

  ၁။ ဖာရောသမီးတော်သည် “ကျူတော၌ ပုခက်ကိုမြင်၍ ကျွန်မတစ်ယောက်ကို စေလွှတ်ကာ ဆောင်ယူစေ၏”–အငယ်၊ ၅။

  ၂။ အစေခံအမျိုးသမီး၏ တာဝန်မှာ အထူးသဖြင့် သူမ၏ ဝန်ဆောင်မှုသည် ခြင်းတောင်းကို ယူဆောင်ခြင်းပင် ဖြစ်သည်။

ဃ။ စတုတ္ထမြောက် အမျိုးသမီးမှာ ဖာရော၏ သမီးတော်ဖြစ်သည် – အငယ်၊ ၅။

  ၁။ ဖာရော၏ သမီးတော်သည် ဦးစွာ မောရှေကို ကယ်ထုတ်ပြီး၊ ထို့နောက် မောရှေမိခင်အား သူ့ကို ကျွေးမွေးပြုစုရန် မိန့်မှာခဲ့သည်။

  ၂။ နောက်ပိုင်း သူငယ်ကို ဖာရော၏ သမီးတော်ထံသို့ ပို့ဆောင်၍ သူသည် “သူမ၏ သားအရာကို ရလေသည်”။ သူမသည် သူ့ကို မောရှေ အမည်ဖြင့် မှည့်လေ၏။ အကြောင်းမူကား၊ ရေထဲက ငါနုတ်ယူသည်ဟု ဆိုသတည်း” – အငယ်၊ ၁၀။

  ၃။ “ဖာရော၏ သမီးတော်သည် ကောက်ယူ၍ မိမိသားအရာ၌ မွေးစားလေ၏”ဟုဟူသော တမန်တော်၊ ၇း၂၁ မှလည်း ကျွန်ုပ်တို့ သိရသည်။

င။ ယနေ့ ကျွန်ုပ်တို့သည် အမျိုးသမီး အသက်တာ၏ အမျိုးမျိုးသော ဝန်ဆောင်မှုများ လိုအပ်သည် – ကိုယ်ဝန်ယူခြင်း၊ မွေးဖွားခြင်းနှင့် ကျွေးမွေးပြုစုသော ဝန်ဆောင်မှု၊ စောင့်ကြည့်ခြင်း ဝန်ဆောင်မှု၊ အကြံပြုပေးခြင်းနှင့် သင့်လျော်သော ချိတ်ဆက်မှုကို ဆက်နွယ်စေခြင်း ဝန်ဆောင်မှု၊ ကူညီပေးခြင်းနှင့် အစေခံပေးခြင်း ဝန်ဆောင်မှုနှင့် ကျွေးမွေးစောင့်ရှောက်ခြင်း၊ သွန်သင်ခြင်းနှင့် လေ့ကျင့်သင်တန်းပေးခြင်း ဝန်ဆောင်မှု တို့ကို လိုအပ်သည်။

စ။ အမျိုးသမီး အသက်တာ လေးမျိုးအားဖြင့် မောရှေသည် ယနေ့ ဘုရားသခင်၏ စီမံကိန်းကို သယ်ဆောင်ခြင်းအတွက် မွေးဖွားပြီး၊ ကြီးပြင်းလာကာ လေ့ကျင့်သင်တန်းပေးခြင်းခံရသည်၊ သခင်ဘုရားသည် ဤအမျိုးသမီးအသက်တာ လေးမျိုးကို လိုအပ်သည်။ ကိုယ်တော်၏ လူမျိုးတော်ကို ကယ်နုတ်ရန်အတွက် ပြင်ဆင်မှုများ ပြုလုပ်ရန် ကိုယ်တော်သည် များစွာသော မိခင်များ၊ သမီးများ၊ ကျွန်မများနှင့် တော်ဝင် မင်းသမီးများကို လိုအပ်သည်။ ထိုသို့ဖြင့် သူတို့သည် ကိုယ်တော်၏ အကြံအစည်တော်ကို ပြည့်စုံစေမည် ဖြစ်သည်။